# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 15, 2020 Volume 36, Number 11


**၁၅.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၃၀/- ကျပ် |
| CBM Rate | = ၁၃၀၃.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၆.၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၈.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၂.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၇၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | =၁၁၃.၉ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၇၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးများကို အခြေခံရည်ညွှန်းဈေး ကျပ် ၅၂၀၀၀၀ ဈေးဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးငါးခုရှိ မြို့နယ်ပေါင်း ၇၆ မြို့နယ်တွင် ဝယ်ယူရန် လုပ်ငန်းရှင်များအား တင်ဒါစတင်ခေါ်ယူ



၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးများကို အခြေခံရည်ညွှန်းဈေး ကျပ် ၅၂၀၀၀၀ ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးငါးခုရှိ မြို့နယ်ပေါင်း ၇၆ မြို့တွင်ဝယ်ယူရန် လုပ်ငန်းရှင်များအား တင်ဒါအဆိုပြုလွှာများ စတင်ဖိတ်ခေါ်နေပြီဖြစ်ကြောင်း လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၀-၂၀၂၁ မိုးစပါးနှင့်နွေစပါးတို့ကို စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ တင်သင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းများဖြစ်ပေါ်စေရေးအတွက် “အစိုဓာတ် ၁၄ ရာခိုင်နှုန်း” ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်းလျှင် ၄၆ ပေါင် ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ငွေ (ငါးသိန်းနှစ်သောင်း) ကျပ်ဖြင့် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်လုပ်ငန်းအဖွဲ့များက ၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးကို အောက်ဖော်ပြပါဒေသများတွင် တောင်သူများထံမှ စပါးဝယ်ယူမည်ဖြစ်၍ စပါးဝယ်ယူလိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှည်းကူး၊ သန်လျင်၊ ထန်းတပင်၊ တွံတေးစသည့် ၁၀ မြို့နယ် ပါဝင်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ စသည့် ၂၆ မြို့နယ် ပါဝင်ကြောင်းသိရသည်။ ပဲခူးတိုင်းဒေသကြီး၌ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ နတ္တလင်း၊ ကြို့ပင်ကောက်စသည့် ၂၈ မြို့ ပါဝင်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူ၊ မြိတ်၊ တနင်္သာရီ၊ ပုလော စသည့် ခုနစ်မြို့နယ် ပါဝင်သည်။ ရခိုင်ပြည်နယ်တွင် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော စသည့်ငါးမြို့နယ်ပါဝင်သည်။

အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်တိုဘာ ၁၄ ရက်မှ ၂၈ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းများကို စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများတွင် ရောင်းချသွားမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များထံ တင်သွင်းနိုင်ပြီး တင်ဒါအောင်မြင်သူများကို နိုဝင်ဘာ ၆ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး တစ်ပတ်အတွင်း စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ဒါလက်ခံစိစစ်ရေး ကော်မတီ၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် စပါးဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လှည့်ပတ်ရန်ပုံငွေ ကျပ်ဘီလျံ ၂၀ အား တောင်းခံခဲ့ရာ စီးပွားရေးကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းသို့ ဆက်လက်တင်ပြထားပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

၂၀၂၀ ပြည့်နှစ်အတွက် တင်ဒါစနစ်ဖြင့် မိုးစပါးဝယ်ယူဆောင်ရွက်နိုင်ရန်အတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးနှင့် ကန်ထရိုက်စာချုပ်မူကြမ်းပြုစုရေးအဖွဲ့က ရေးဆွဲထားရှိသည့် စပါးဝယ်ယူမည့်စီမံချက်၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်များ၊ စပါးဝယ်ယူ၍ ဆန်ပေးသွင်းခြင်းဆိုင်ရာ သဘောတူစာချုပ်မူကြမ်းများနှင့်စပ်လျဉ်း၍ အောက်တိုဘာ ၁၃ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/195520

## ကိုဗစ်-၁၉ ကြောင့် မြန်မာ့စီးပွားရေး မည်မျှထိခိုက်သည်ကို ကမ္ဘာ့ဘဏ်အစီရင်ခံ



မြန်မာ့စီးပွားရေး ပြန်လည်နာလန်ထသည့် လက္ခဏာအချို့ ရှိသော်လည်း ဝန်ဆောင်မှု၊ လက်လီ၊ လက်ကား၊ ကုန်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ ၇၅ ရာခိုင်နှုန်းထိခိုက်ကြောင်း ကမ္ဘာ့ဘဏ်၏ နောက်ဆုံးစစ်တမ်းက ဖော်ပြလိုက်သည်။

ကမ္ဘာ့ဘဏ်၏စစ်တမ်းကို ဝန်ဆောင်မှု၊ လက်လီ၊ လက်ကား၊ ကုန်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေး ကဏ္ဍများမှ လုပ်ငန်းပေါင်း ၅၀၀ တွင် မေ၊ ဇူလိုင်နှင့်ဩဂုတ်လများအတွင်းက ကောက်ယူခဲ့ခြင်းဖြစ်သည်။

ထိုလုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းသည် အသေးစားလုပ်ငန်းများဖြစ်ပြီး ၄၀ ရာခိုင်နှုန်းသည် လုပ်ငန်းငယ်များဖြစ်သည်။ စစ်တမ်းတွင် အလတ်စားလုပ်ငန်း ၁၉ ရာခိုင်နှုန်းပါပြီး အကြီးစားလုပ်ငန်းများတွင် စစ်တမ်းတွင် ၆ ရာခိုင်နှုန်းပါဝင်သည်။ ကိုဗစ်-၁၉ ကြောင့် မေလတွင် ထိုလုပ်ငန်းများ၏ ၈၁ ရာခိုင်နှုန်းကို ထိခိုက်ပြီး ဇူလိုင်လတွင် ၇၉ ရာခိုင်နှုန်းကို ထိခိုက်သည်။ "ကိုဗစ်-၁၉ ၏ စုစုပေါင်းထိခိုက်မှုမှာ ကြီးကြီးမားမားရှိနေသေးသော်လည်း နယ်ပယ်အများစုတွင် တိုးတက်မှုများတွေ့ရသည်။ ကမ္ဘာတဝန်း ကူးစက်ရောဂါကြောင့် အရောင်းကျဆင်းမှုသည် အဆိုးရွားဆုံး ထိခိုက်သောနယ်ပယ်များတွင် ကျန်ရှိနေဆဲဖြစ်သည်" ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။

လုပ်ငန်းအားလုံးကို နောက်ထပ် အထိခိုက်ဆုံးအချက်မှာ ထုတ်လုပ်မှုကျဆင်းခြင်း၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စားသုံးသူများထံ ပို့ဆောင်ရန်ခက်ခဲခြင်းနှင့် ငွေလှည့်လည်စီးဆင်းမှု ပြတ်တောက်ခြင်းဖြစ်ကြောင်း ထိုစစ်တမ်းအရသိရသည်။ မေလတွင် ကိုဗစ်-၁၉ကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ၈၇ ရာခိုင်နှုန်းကို ဆိုးကျိုးသက်ရောက်ပြီး ဇူလိုင်လတွင် ၉၀ ရာခိုင်နှုန်းနှင့် သြဂုတ်လတွင် ၈၆ ရာခိုင်နှုန်းကို ထိခိုက်စေသည်။ ထို့အပြင် လက်လီနှင့် လက်ကားလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကို မေလတွင် ထိခိုက်စေပြီး ဇူလိုင်နှင့် သြဂုတ်လများတွင် ၈၄ ရာခိုင်နှုန်းနှင့် ၇၉ ရာခိုင်နှုန်း အသီးသီး ထိခိုက်စေသည်။ မေလတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ၈၆ ရာခိုင်နှုန်းကို ထိခိုက်ပြီး ဇူလိုင်လတွင် ၈၀ ရာခိုင်နှုန်းနှင့် သြဂုတ်လတွင် ၇၆ ရာခိုင်နှုန်းကို ထိခိုက်စေသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မေလက ၇၀ ရာခိုင်နှုန်းကို ထိခိုက်ပြီး ဇူလိုင်လတွင် ၆၈ ရာခိုင်နှုန်းနှင့် သြဂုတ်လတွင် ၆၄ ရာခိုင်နှုန်း ထိခိုက်စေသည်။ ထို့အပြင် စစ်တမ်းတွင်ပါဝင်သည့် လုပ်ငန်းများ၏ ၈၁ ရာခိုင်နှုန်းသည် သြဂုတ်လတွင် အရောင်းကျဆင်းကြပြီး ထိုလတွင် ငွေကြေးလှည့်လည်စီးဆင်းမှု တိုးတက်လာသည်။

မေလတွင် လုပ်ငန်းများ၏ ၈၅ ရာခ်ိုင်နှုန်းတွင် အရောင်းကျပြီး ဇူလိုင်လတွင် လုပ်ငန်းများ၏ ၈၈ ရာခိုင်နှုန်းတွင် အရောင်းကျသည်။ လုပ်ငန်းများ၏ငွေကြေးစီးဆင်းမှု ပြတ်တောက်ခြင်းမှာ ဇူလိုင်လက ၅၀ ရာခိုင်နှုန်းရှိရာမှ သြဂုတ်လတွင် ၃၀ ရာခိုင်နှုန်း သို့ ကျဆင်းသည်။ လုပ်ငန်းများ၏ ၅၁ ရာခိုင်နှုန်းသည် မေလတွင် ငွေကြေးလှည့်လည်မှု ပြတ်တောက်ခြင်းကို ရင်ဆိုင်ရသည်။ ငွေလှည့်လည်မှု ပြတ်တောက်ခြင်းနှင့် ရင်ဆိုင်ရသော လုပ်ငန်းများတွင် မိတ်ဆွေနှင့် မိသားစုများထံမှ ချေးငွေသည် အဓိကဖြေရှင်းသည့် နည်းလမ်းဖြစ်ကြောင်း ထိုစစ်တမ်းက ဆိုသည်။ လုပ်ငန်းများသည် မိတ်ဆွေနှင့်မိသားစုထံမှ ချေးငွေကို အားထားနေရပြီး ဘဏ်လုပ်ငန်းအကူအညီမရဘဲ ၎င်းတို့၏ ၈ ရာခိုင်နှုန်းသာ ကူးသန်းရောင်းဝယ်ရေး ဘဏ်များကို အားကိုးနိုင်ကြကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြသည်။

သြဂုတ်လတွင် နောင်လာမည့် သုံးလအတွက် ကြွေးကျန်ငွေများ ကျန်ရှိမည်ကို စိုးရိမ်သည့် လုပ်ငန်းအရေအတွက် တိုးလာသည်။ ကြွေးကျန်မည်ကို စိုးရိမ်သည့် လုပ်ငန်းအရေအတွက်သည် ဇူလိုင်လက ၃၃ ရာခိုင်နှုန်းရှိရာမှ သြဂုတ်လတွင် ၄၀ ရာခိုင်နှုန်းသို့ တိုးလာသည်။ လုပ်ငန်းများ၏ ၃၆ ရာခိုင်နှုန်းသည် မေလက ကြွေးကျန်မည်ကို စိုးရိမ်နေကြသည်။ လုပ်ငန်းအရွယ်အစားနှင့် ကဏ္ဍတို့နှင့်မဆိုင်ဘဲ လုပ်ငန်းအားလုံးနီးပါးသည် နောင်လာမည့်လတွင် ဆက်လက်လည်ပတ်နိုင်မည်ဟု ယုံကြည်ကြသည်ဟု စစ်တမ်းအရသိရသည်။ လုပ်ငန်းများ၏ ၆၁ ရာခိုင်နှုန်းသည် သြဂုတ်လတွင် အစိုးရ၏ ကိုဗစ်-၁၉ မူဝါဒများကို သတိထားမိလာပြီး အစိုးရ၏အထောက်အပံ့ကို လျှောက်ထားသောလုပ်ငန်းအရေအတွက်သည် မေလနောက်ပိုင်းတွင် နှစ်ဆတိုးလာသည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ လုပ်ငန်းများ၏ ၄၇ ရာခိုင်နှုန်းသည် ချေးငွေ ရရှိကြသည် သို့မဟုတ် ချေးငွေ အာမခံသည် အစိုးရထံမှ အလိုအပ်ဆုံးအရာဖြစ်လာသည်ဟု စစ်တမ်းကဆိုသည်။

ဧပြီလတွင် အစိုးရက ကိုဗစ်-၁၉ စီးပွားရေး ပြန်လည်ကုစားရေး စီမံကိန်းကို စတင်ပြီး ငွေကြေးပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ကာ ကျန်းမာရေး အသုံးစရိတ်နှင့် အခြားအစီအမံများကို တိုးမြှင့်သည်။ စက်တင်ဘာလတွင် မြန်မာ့စီးပွားရေး ပြန်လည်နာလန်ထရေးနှင့်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ရေးဆွဲခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စတင်ခဲ့သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စတင်ထိန်းသိမ်းနိုင်ခဲ့သည်။ ထိုအစီအစဉ်က ကုန်ထုတ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအတွက် ကျပ် ၂၀၀ ဘီလျှံ (ဒေါ်လာ သန်း ၁၆၀)၊ လယ်သမားများအတွက် ကျပ် ၆၀၀ ဘီလျှံ (ဒေါ်လာ ၄၈၇ သန်း)၊ အသေးစားလုပ်ငန်းများအတွက် ကျပ် ၁၀၀ ဘီလျှံ (ဒေါ်လာ သန်း ၈၀)၊ အသေးစားအလတ်စား လုပ်ငန်းများအတွက် ကျပ် ၂၀၀ ဘီလျှံနှင့် လက်ဖက်ရည် ဆိုင်ငယ်များနှင့်လမ်းဘေးဆိုင်များအတွက် ကျပ် ၁၀၀ ဘီလျှံ အပါအဝင် လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးသက်ရောက်မှုများကို ဖြေရှင်းရန် ကျပ် နှစ် ထရီလျှံ (အမေရိကန်ဒေါ်လာ ၁.၆ ဘီလျှံ) သုံးစွဲရန်ကတိပြုသည်။

**Source:** https://burma.irrawaddy.com/news/2020/10/14/231622.html

## ဆော်ဒီတွင် ပိတ်မိနေသည့် မြန်မာ့ရေထွက်ကုန်များကိစ္စညှိနှိုင်းနေ



မြန်မာ့ငါးမြစ်ချင်းများ အဓိကတင်ပို့နေသည့် အရှေ့အလယ်ပိုင်း ဆော်ဒီအာရေဗီးယားနိုင်ငံက ပြီးခဲ့သည့်ရက်ပိုင်း ၎င်းတို့ဆိပ်ကမ်းများသို့ရောက်ရှိလာသော မြန်မာ့ရေထွက်ကုန်များ အဝင်မခံသည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် ဆွေးနွေးညှိနှိုင်းနေကြောင်းသိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက“ ဒီကစက်ရုံ ၁၉ ရုံရဲ့ အရည်အသွေးဆိုင်ရာ အချက်အလက်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနကနေတဆင့် ဆော်ဒီဘက်ကို ပို့ပေးထားတယ်။ ဒီဘက်ကပို့လိုက်တဲ့ မွေးမြူရေး(ရေချိုငါး) နဲ့ သဘာဝက ဖမ်းဆီးရတဲ့ ငါးတွေရော လက်ခံပေးဖို့ပေါ့” ဟု ဧရာဝတီသို့ပြောသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ အစားသောက်နှင့်ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့ SFDA က ပြီးခဲ့သည့်နှစ် များကတည်းက မြန်မာ့ရေထွက်ကုန်များကို တင်သွင်းမှုကိုကန့်သတ်ထားခဲ့ပြီး သဘာဝမှဖမ်းဆီးရမိသော ငါးများကိုသာ ပြန်လည်တင်ပို့ခွင့်ကို ၂၀၂၀ ဩဂုတ်လတွင် ကုမ္ပဏီ ၁ ခု နှင့် အောက်တိုဘာ ၁၄ ရက်နေ့တွင် ကုမ္ပဏီ ၁ စုစုပေါင်း ကုမ္ပဏီ ၂ခုကိုသာ ခွင့်ပြုထားသေးကြောင်း သိရသည်။ လက်ရှိတွင် ဆော်ဒီနိုင်ငံဘက်က SFDA ၏ ခွင့်ပြုချက်မရှိထားဟုဆိုကာ ထိုနိုင်ငံ၏ ဆိပ်ကမ်း ၂ ခုတွင် အမေရိကန်ဒေါ်လာ ၆ သောင်းမှ ၈ သောင်းကြားရှိသော မြန်မာ့ရေထွက်ကုန် (မွေးမြူရေးငါးနှင့် သဘာဝမှ ဖမ်းမိသောငါး) ကွန်တိန်နာအလုံး ၃၀ ခန့် ပိတ်မိလျက်ရှိကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများ နှင့် ပို့ကုန် လုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။ ဦးမြင့်ဇင်ထူးက “ အခုကတော့ ဆွေးနွေးညှိနှိုင်းထားတာပေါ့ သူတို့ဘက်က ဘယ်ဟာကို ခွင့်ပြုမလဲ မသိသေး ဘူး။ သူတို့ဘက်က ခွင့်ပြုထားတဲ့ ကုမ္ပဏီ ၂ ခုကလည်း သဘာဝကရတဲ့ ငါးပဲ မွေးမြူရေးငါး မပါတော့ဘူးလေ။ အခုပိတ်မိနေတာက မွေးမြူရေးငါးရော သဘာဝကရတဲ့ ငါးရော နှစ်မျိုးစလုံး ဖြစ်နေတယ်” ဟု ရှင်းပြ သည်။

ဆော်ဒီနိုင်ငံဘက်က မြန်မာ့ရေထွက်ကုန်များ တရားဝင်တင်ပို့ခွင့်ကို မြန်မာကုမ္ပဏီတခုတည်းကိုသာ ခွင့်ပြုထားခြင်းကြောင့် တခြားကုမ္ပဏီများမှ တင်ပို့လာသော ကုမ္ပဏီများ၏ ရေထွက်ပို့ကုန်များသည် တရားဝင်ခွင့်ပြု ထား ခြင်းမရှိသည့်သဘောဖြစ်နေသဖြင့် ဆိပ်ကမ်းများမှ ထုတ်ခွင့်မရှိခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးကပြောသည်။ ၎င်းက “ သူတို့က ကုမ္ပဏီ ၁ ခုပဲ ခွင့်ပြုထားတာဆိုတော့ ကျန်ကုမ္ပဏီတွေက မရတဲ့သဘော ဖြစ်သွားတယ်။ ဒီဘက်က တင်ပို့တဲ့ ကိစ္စကိုလည်း အသေးစိတ် နောက်ကြောင်းပြန်လိုက်နေပါတယ်။” ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ဆော်ဒီနိုင်ငံသို့ ပုံမှန်ငါးတင်ပို့နေသော ဒေသတွင်းနိုင်ငံတခုဖြစ်သည့် ဗီယက်နမ်နိုင်ငံရှိ အအေးခန်းစက်ရုံတချို့ကို ဆော်ဒီနိုင်ငံက အရည်အသွေးစစ်ဆေးမှုများပြုလုပ်ရာတွင် သတ်မှတ်စံနှုန်းများ မပြည့်မီသောကြောင့် ဗီယက်နမ် အပါအဝင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများ၏ ငါးတင်ပို့ခွင့်ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ကျန် ၃ နိုင်ငံကို အစိုးရချင်းသဘောတူညီမှုများဖြင့် ပြန်လည်တင်ပို့ခွင့်ပြုထားပြီး မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံကိုများကိုလည်း လာရောက်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သော်လည်း လက်ရှိအချိန်အထိ အပြည့်အဝပြန်လည်ခွင့်ပြုခြင်းမရှိသေးပေ။ မြန်မာနိုင်ငံက ဆော်ဒီနိုင်ငံသို့ ငါးမြစ်ချင်း အပါအဝင် ရေထွက်ကုန်များ နှစ်စဉ်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၅ သန်းဝန်းကျင်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှသိရသည်။

Source: https://burma.irrawaddy.com/business/2020/10/14/231583.html

## တရုတ်နယ်စပ်ကုန်သွယ်ရေးအခက်အခဲများကို နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းပေးရန် သစ်သီးဝလံကုန်စည်ဒိုင်အသင်း တောင်းဆို



နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံဘက်မှ စစ်ဆေးကန့်သတ်မှုများကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ရောင်းချမှုဆိုင်ရာ အခက်အခဲများကို အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးရန် မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်အသင်းက အောက်တိုဘာ ၁၃ ရက်တွင် တောင်းဆိုသည်။ တရုတ်ဈေးကွက်ကိုသာ အားထားရောင်းချနေရသော ဖရဲ၊ သခွားရာသီ ရောက်ရှိလာတော့မည် ဖြစ်သော်လည်း ကပ်ရောဂါအခြေအနေကြောင့် စစ်ဆေးကန့်သတ်မှုများ ကြုံတွေ့နေရမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကူညီဖြေရှင်းပေးရန် တောင်းဆိုထားသည်။ “အစားထိုးယာဉ်မောင်း စရိတ်လည်း တိုးမြင့်တယ်။ ပြီးတော့ ယာဉ်ကလွဲလို့ ကုန်သည်တွေပါဝင်မရဘူး။ ရေရှည်မှာ ဒီဈေးကွက်ကို ရည်ရွယ်ပြီး စိုက်နေတဲ့ ပြည်တွင်းက တောင်သူတွေအရှုံးပေါ်ဖို့ရှိတယ်။ မနှစ်ကလိုအလဲလဲ အကွဲကွဲမဖြစ်စေဖို့ ကြိုတင်ပြင်ဆင်တောင်းဆိုခြင်း ဖြစ်တယ်”ဟု မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။

တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းအတွင်းသို့ ကုန်ပစ္စည်း (ဖရဲ၊ သခွား)အစရှိသဖြင့် ဝင်ရောက်ပြီးမှသာ တရုတ်ကုန်သည် ဝယ်လက်များနှင့် ဖုန်းဖြင့်ချိတ်ဆက်ရောင်းချနေရပြီး ထိုအခြေအနေကို မပြင်ဆင်နိုင်ပါက ပြည်တွင်းမှသစ်သီးဝလံ အထွက်များ လာချိန်၌ စိုက်ပျိုးထုတ်လုပ်သူများအတွက် ထိုက်တန်သည့် ဈေးမရရှိဘဲ နစ်နာဆုံးရှုံးမှုများလာ မည်ဟုလည်း ၎င်းက ရှင်းပြသည်။ ထို့ကြောင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ အခြေစိုက် သစ်သီးပွဲရုံကိုယ်စားလှယ်နှစ်ဦးမှ ငါးဦးအထိ တရုတ်နိုင်ငံ ဝမ်တိန်ကုန်စည်ကွင်းအတွင်းသို့ အခြေချလုပ်ကိုင်ခွင့်ပြုရန် ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပေးရန် လိုအပ်သည်ဟု မူဆယ်သစ်သီး ဝလံကုန်စည်ဒိုင်အသင်းကဆိုသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ် တင်ပို့သော သစ်သီးဝလံကုန်တင် ယာဉ်များ ရှမ်းပြည်နယ်အတွင်း ဝင်ရောက်ရာတွင်လည်း ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေသည့် လမ်းပိုင်းစခန်းများ၌ ပုပ်သိုးလွယ်ကုန်စည်များကို ဦးစားပေး စနစ်ဖြင့် စစ်ဆေးဆောင်ရွက်ပေးရန်လည်း မေတ္တာရပ်ခံထားသည်။ “ဒီကိစ္စအတွက် ဝန်ကြီးချုပ်နဲ့နယ်လုံဝန်ကြီးတော့ မနေ့ကဆွေးနွေးတယ်။ သီးခြားအဆိုပြုချက်တော့ မသိရသေးဘူး”ဟု ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောသည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်ကမြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုကဏ္ဍ၌ ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိသည့်အနက် တရုတ်နိုင်ငံနှင့်ဆက်စပ်မှုသည် ထိုပမာဏ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

**Source:** https://7day.news/detail?id=202046

## တရုတ်ဝယ်လိုအားကြောင့် ဆောင်းမြေပဲများ ဈေးကောင်းရနိုင်

ကိုဗစ်ကာလတွင် တရုတ်ရှိ မြေပဲစိုက်ခင်းများပျက်စီးသည်ဟုကြားသိရသလို တရုတ်ပြည်ဝယ်လိုအားရှိနေသဖြင့် မကွေးတိုင်းထွက် ဆောင်းမြေပဲများ ဈေးကောင်းရနိုင်ကြောင်း မကွေးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကျော်ထွန်းကပြောသည်။ မကွေးတိုင်းမှထွက်ရှိသည့် မြေပဲနှင့်နှမ်းသည် တရုတ်ဝယ်လိုအားရှိနေပြီး ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးသာ အဆင်ပြေပါက ဈေးကောင်းရနိုင်သည့်အခြေအနေဖြစ်ကြောင်း ၎င်းကပြောသည်။ မိုးမြေပဲပေါ်ချိန်က တရုတ်ပြည်ဘက်မှ မကွေးတိုင်းထွက် မြေပဲကိုဝယ်သဖြင့် မြေပဲတစ်ပိဿာလျှင် ကျပ် ၃,၁၀၀ ခန့်ဖြင့်ရောင်းရပြီး အောက်တိုဘာပထမပတ်တွင် ကုန်စည်ပို့ဆောင်မှု အခက်အခဲကြောင့် ဈေးအနည်းငယ်ကျခဲ့ကြောင်း ဦးကျော်ထွန်းကပြောသည်။

လက်ရှိတွင် မကွေးမြို့၌ မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ်သုံးထောင်ကျော်၊ နှမ်းစမုန်နက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်နှစ်သိန်းခန့်၊ နှမ်းအဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်တစ်သိန်းတစ်သောင်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ဦးကျော်ထွန်းကပြောသည်။

**Source:** https://7day.news/detail?id=202049


## ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်တက်

ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်တက်လာပြီး အောက်တိုဘာ ၁၄ ရက်တွင် တစ်ဒေါ်လာ ၁,၃၂၀ ကျော် ဈေးဖွင့်သည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး တရုတ်နိုင်ငံတွင် လမုန့်ပွဲတော်ပြုလုပ်နေခြင်းကြောင့် မြန်မာသို့ ငွေလွှဲမှုနည်းနေခြင်း၊ ဟွန်ဒီ (တရားမဝင် ငွေလွှဲလုပ်ငန်း) လုပ်ငန်းလုပ်ကိုင်သူအချို့ လုပ်ငန်းရပ်နားထားခြင်းနှင့် ဟောင်ကောင်မှ ငွေလွှဲမှုများလျော့နည်းခြင်းတို့ကြောင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးတက်ခြင်းဖြစ်သည်ဟု မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။ စက်ရုံ၊ အလုပ်ရုံအချို့ပြန်လည်ဖွင့်လှစ်ချိန်တွင် ငွေကြေးစုဆောင်းသူများ၏ ဝယ်လိုအားတိုးလာကြောင်း ငွေလဲလုပ်ငန်း လုပ်ကိုင်သူအချို့ကပြောသည်။

COVID-19 ကူးစက်မှု ထိန်းချုပ်ရန်အတွက် ရန်ကုန်တိုင်းတွင် စက်တင်ဘာ ၂၄ ရက်ကစတင်ပြီး စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရချိန်တွင် ပြည်တွင်းငွေကြေးဈေးကွက်၌ တစ်ဒေါ်လာလျှင် အနိမ့်ဆုံး ၁,၂၈၀ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့သည်။ ဒေါ်လာတန်ဖိုးကျဆင်းခြင်း ကြောင့် ဗဟိုဘဏ်က အောက်တိုဘာအတွင်းက ဒေါ်လာ ၂၆ဒသမ ၇ သန်း ဝယ်ယူခဲ့သည်။ အောက်တိုဘာ ၉ ရက်တွင်လည်းဒေါ်လာ ၇ ဒသမ ၇ သန်းကို တစ်ရက်အတွင်း ဝယ်ယူခဲ့သည်။

**Source:** https://7day.news/detail?id=202048

## မြစ်ကြီးနားမြို့နယ်၌ ပယင်းများရောင်းအားကျဆင်း



မြစ်ကြီးနားမြို့ စက်မှုရပ်ကွက်အတွင်းရှိ ပယင်းအရောင်းဆိုင်တချို့၌ ယခုကာလတွင် ပယင်းများ ရောင်းအားအလွန်ကျဆင်းလာသဖြင့် ရောင်း/ဝယ်ခြင်းအား ယာယီရပ်နားထားကြောင်းသိရသည်။ အစိုးရက ချမှတ်ပေးထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချနေသော်လည်း ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် ပယင်းဆိုင်တချို့မှာ ဈေးဦးမပေါက်သဖြင့် ပိတ်ရသည့်ဆိုင်များပင်ရှိကြောင်း၊ ယခုကာလတွင် ပြည်တွင်းပြည်ပ ခရီးသွားလာမှု များနည်းပါးသွားပြီး မြန်မာပြည်အောက်ပိုင်းမှ ဘုရားဖူးများလည်း လာရောက်မှုမရှိတော့ကြောင်း၊ ယခင်က တစ်နေ့လျှင် Express ကား လေး၊ ငါးစီးလောက် လာရောက်သဖြင့် တစ်နေ့လျှင် ငွေကျပ် နှစ်သိန်းခန့်ရောင်းရကြောင်း ပယင်းရောင်းဝယ်နေသူတစ်ဦးထံမှသိရသည်။ တချို့ပယင်းရောင်းသူများအနေဖြင့် အွန်လိုင်းပေါ်မှာ သာရောင်းဝယ်မှုများ ဆောင်ရွက်နေကြောင်းသိရသည်။

ပယင်းကျောက်သည် လူတန်းစားအလွှာ မျိုးစုံကြိုက်နှစ်သက်သော လှပ၍ပေါ့ပါးသည့် ရတနာတစ်ခုဖြစ်သည်။ ကချင်ပြည်နယ် တနိုင်းမြို့နယ် ဟူးကောင်းလွင်ပြင်ဒေသ မိုင်းခွန်ဒေသမှထွက်ရှိမှုသည် အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်မှလည်း ထွက်ရှိကြောင်းသိရသည်။ ပယင်းကျောက်ကို လက်ဝတ်ရတနာအဖြစ်လည်းကောင်း၊ ကျန်းမာရေးဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုကြပြီး ဟူးကောင်းလွင်ပြင်ဒေသ တနိုင်းဘက်အခြမ်း ထွက်ရှိသည့် ပယင်းများမှာ လူကြိုက်အများဆုံး ပယင်းကျောက်များဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3006

## ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျောက်မှုန့်မြေဩဇာများ ထောက်ပံ့ပေးအပ်



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လယ်နောင်ကျေးရွာအုပ်စု နောင်မိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (School Garden) စိုက်ပျိုးနည်းများ လက်တွေ့ပြသ ဆောင်ရွက်ခြင်း၊ မျိုးစေ့များနှင့် ဥယျာဉ်ခြံသုံးပစ္စည်းများ၊ Gypsum ကျောက်မှုန့်မြေဩဇာများ ထောက်ပံ့ခြင်းကို အောက်တိုဘာ ၁၃ ရက်တွင် အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် အင်းတော်မြို့နယ် လယ်နောင်ကျေးရွာအုပ်စု နောင်မိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ အသုံးပြုနိုင်ရန်အတွက် ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့များ၊ ဥယျာဉ်ခြံသုံးပစ္စည်းများ၊ Gypsum ကျောက်မှုန့်မြေသြဇာများအား အင်းတော်မြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးသာဆန်းနှင့် မဲဇာနည်းပညာပေးစင်တာ တာဝန်ခံတို့ကပေးအပ်ခဲ့ရာ လယ်နောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသက်ခိုင်တို့က လက်ခံရယူကြကြောင်းသိရသည်။ ထို့နောက် ကျောင်းဝင်းအတွင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများမှပူးပေါင်း၍ School Garden လုပ်ငန်းဆောင်ရွက်မှုများအား လက်တွေ့ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3003

## ပြောင်းစျေးများ အနည်းငယ်ကျနေ

တရုတ်နှင့် ထိုင်းနိုင်ငံမှ ဝယ်ယူမှုလျော့နည်းနေသည့်အတွက် ပြောင်းစျေးများ အနည်းငယ် ကျဆင်းနေသည်ဟု ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။ "ပြောင်းစျေးလေးနည်းနည်းကျတယ်။ ပြောင်းစျေးက မနှစ်က ဒီလို ကာလတိုအချိန်မှာ ၂ သောင်းခွဲ ၂ သောင်း ၇ ထောင်လောက်ရှိနေတာ။ ဒီနှစ်က ၂ သောင်း ၃ ထောင်ဘဲရှိတော့တယ်။ ယိုးဒယားဘက်က ၈ လပိုင်းမှာ သူတို့ဆီမှာလည်း ထွက်တဲ့ရာသီဆိုတော့ သူတို့ဘက်က အဝယ်ပိတ်ထားတာရယ် တရုတ်ကလည်း အဝယ်နည်းနေသေးလို့ပါ။ ပြောင်းကို ရေလမ်းနဲ့တင်ပေးတာက ဖိလစ်ပိုင်၊ မလေးရှားတင်ပေးတယ်။ ဒါပေမယ့် ဘော်ဒါနယ်စပ်အနေနဲ့သွားတာကတော့ ထိုင်းနဲ့တရုတ်ကိုသွားပါတယ်။ ပြောင်းစျေးတွေ ကျတဲ့ အတွက်တောင်သူတွေအနေနဲ့ကတော့ အမြတ်နည်းသွားတာပေါ့။ ဒီစျေးနှုန်းက ရှုံးတဲ့စျေးနှုန်းတော့ မဟုတ်ပေမယ့် ရသင့် ရထိုက်တဲ့ အကျိုးမြတ် မခံစားရ တာပေါ့။ " ဟု မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဌ ဦးချွန်ကပြောကြားခဲ့သည်။

ပြောင်းသီးနှံများကို ရှမ်းပြည်နယ်၊ ပခုက္ကူ၊ ရေစကြို၊ မြင်းခြံ၊ မြောင်၊ မြင်းမူဒေသများနှင့် ဧရာဝတီချင်းတွင်းမြစ်ကမ်းများ အနီးစသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် သီးနှံအဖြစ်နှစ်စဉ် ပြည်ပသို့တင်ပို့ရောင်းချနေရပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3527-corn-prices-fall-slightly.html

## ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေး သဘောတူစာချုပ်ကို နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ရန်စီစဉ်နေ

ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေး သဘောတူစာချုပ်တစ်ခုဖြစ်လာမည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP)ကို လာမည့် နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှသိရသည်။

Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သော အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့်နယူးဇီလန်နိုင်ငံတို့မှ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ၊ ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီသဘာပတိနှင့်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ၏ (၁၁) ကြိမ်မြောက် ကြားဖြတ်အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောခဲ့ခြင်းဖြစ်သည်။

ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်၌ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင်ပြုလုပ်ခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း နိုင်ငံ့ခေါင်းဆောင်များက ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာခဲ့ပြီး RCEP ညှိနှိုင်းမှုများမှာ ယနေ့အထိ (၈) နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်ကာ RCEP သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၄) ကြိမ်မြောက် RCEP ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ RCEP တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံနှင့် ၎င်း၏လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်ချုပ်ဆိုထားသောနိုင်ငံများ (FTA Countries) ဖြစ်သည့် သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့်နယူးဇီလန် (၅) နိုင်ငံ၊ စုစုပေါင်းအဖွဲ့ဝင် (၁၅) နိုင်ငံပါဝင်ပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/55275

## ရှမ်းပြည်မှရန်ကုန်သို့ ကုန်စည်သယ်ယူပို့ဆောင်သည့် ကုန်တင်ကားခများ နှစ်ဆကျော်မြင့်တက်

COVID-19 ကာလအတွင်း ရှမ်းပြည်နယ်မှရန်ကုန်သို့ ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် ကုန်တင်ကားခများ နှစ်ဆကျော်မြင့်တက်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။

ကုန်တင်ကားခများမှာ ယခင်က ခြောက်သိန်း၊ ခြောက်သိန်းခွဲခန့်သာ ရှိသော်လည်း ယခုအခါ ၁၆ သိန်းအထိ ဖြစ်ပေါ်နေပြီး ထိုသို့ ကုန်တင် ကားခများ နှစ်ဆ ကျော် မြင့်တက်နေသော ကြောင့် ယခုရက်ပိုင်းတွင် သီရိမင်္ဂလာဈေးသို့ ကုန်တင်ကားအဝင်မှာ အစီးရေ ၂၀ နှင့် ၃၀ ကြားသာရှိကြောင်းသိရသည်။ "ကုန်တင်ကားခဈေးနှုန်း နဂိုတုန်းက ခြောက်သိန်း၊ ခြောက်သိန်းခွဲဆိုရင် တင်လို့ရတယ်။ အခုဟာကတော့ ဈေးကတော့ မျိုးစုံပဲ။ ပါးစပ်ဈေးကို ဖြစ်နေတာ။ သီရိမင်္ဂလာဈေး အဝင်ကတော့ ဒီရက်ပိုင်းမှာ ကားအစီးရေ ၂၀ ကျော်ပဲဝင်တယ်။ ကိုဗစ်မဖြစ်ခင် ပထမတစ်ခေါက်ဖြစ်တာနဲ့ ဒုတိယတစ်ခေါက်ကြားမှာတော့ အခြေအနေ ပြန်ကောင်းတဲ့အချိန်မှာ ကားအစီးရေက ရာဂဏန်းဝင်တယ်" မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးကျော်သူကပြောသည်။

လက်ရှိ ရှမ်းပြည်နယ်မှထွက်ရှိသော ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ငရုပ်ပွ၊ ခရမ်းသီး၊ အာလူး၊ ကြက်သွန် စသည့် ကုန်များထွက်ရှိနေသော်လည်း ကုန်တင်ခများမြင့်တက်သည့်အပြင် သယ်ယူပို့ဆောင်ရေး မချောမွေ့ခြင်းတို့ကြောင့်လိုသလောက် မတင်ပို့နိုင်ဘဲ ကုန်စည်များ စားသုံးသူ လက်ထဲရောက်ရှိပါက ဈေးမြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်းသိရသည်။ လက်ရှိ ရှမ်းပြည်နယ် စိုက်ခင်းထဲတွင် ခရမ်းချဉ်သီးတစ်ပိဿလျှင် ကျပ်သုံးရာသာရှိသော်လည်း ရန်ကုန်ရှိ မြို့နယ်နှင့်ရပ်ကွက် ရောင်းဈေးတွင် တစ်ပိဿလျှင် ကျပ်သုံးထောင်ရှိပြီး အလားတူ စိုက်ခင်းထဲတွင် ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ကျပ်လေးရာခန့်သာ ရှိသော်လည်း ရန်ကုန်ရောင်းဈေး တွင် တစ်ထုပ်လျှင် တစ်ထောင့်ငါးရာကျပ်နှင့် စိုက်ခင်းထဲတွင် ပန်းဂေါ်ဖီတစ်ထုပ်လျှင် ကျပ်တစ်ရာ့ငါးဆယ်သာ ရှိသော်လည်း ရန်ကုန် ရောင်းဈေးတွင် တစ်ထုပ်လျှင် တစ်ထောင်ကျပ်ရှိကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/55260

## လာမည့်ကြံရာသီအတွက် စက်ရုံကြံဈေးနှုန်းများသတ်မှတ်

လာမည့် ၂၀၂၀-၂၀၂၁ ကြံရာသီတွင်အတွက် သကြားစက်ရုံအချို့ ကြံဈေးနှုန်းများသတ်မှတ်ခဲ့ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းကသိရသည်။ ပြည်တွင်းသကြားစက်ရုံများအနေဖြင့် ဒီဇင်ဘာလဆန်းမှ လကုန်အတွင်း ကြံဝယ်ယူကြိတ်ကြမည်ဖြစ်၍ ကြားစက်ရုံအားလုံးမှ ယခုအောက်တိုဘာလကုန်တွင် ကြံဝယ်ယူဈေးအပြီး သတ်မှတ်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနမှတောင်းဆိုထားကြောင်းသိရသည်။ "ပဲခူးအရှေ့ခြမ်းကစက်ရုံတွေကတော့ အချင်းချင်း ညှိပြီးမှဈေးသတ်မှတ်ပေးမယ်။ စစ်ကိုင်းဂရိတ်ဝေါဝေလ်မာကတော့ ယာယီဈေးပဲသတ်မှတ်ပေးသေးတယ်။ သကြားဈေးပေါ် မူတည်ပြီး ထပ်တိုးပေးမယ်သိရတယ်။ ကျန်တဲ့စက်တွေကတော့အသီးသီးဈေးသတ်မှတ်ပြီးပါပြီ" ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌ ဦးဝင်းငွေကပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငွေရည်ပုလဲသကြားစက်ရုံ ၃ ရုံမှ ကြံတစ်တန်လျှင် ၄၂၀၀၀ကျပ် ၊ နန့်အွန်သကြားစက်ရုံမှ ကြံတစ်တန်လျှင် ၆ သောင်းကျပ်ဖြင့်ဝယ်ယူ၍ တရုတ်နိုင်ငံသို့ Export တင်ပို့မည်ဖြစ်သည်။ ပဲခူးအရှေ့ခြမ်းတွင် ကွင်းဈေး (သယ်ယူစရိတ်စက်ရုံမှကုန်ကျခံသည့်ဈေး) ၃၃၀၀၀ကျပ် ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂရိတ်ဝေါဝေလ်မာသကြားစက်ရုံမှ ယာယီဈေး ၃၇၀၀၀ ကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်းသိရသည် ။

မြန်မာနိုင်ငံတွင် ၂၀၁၄-၁၅ခုနှစ်တွင် ကြံစိုက်ဧက ၄၄၀၀၀၀ ကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၄၅၀၀၀၀ကျော် ၊၂၀၁၅-၁၆ခုနှစ်တွင် ၃၉၀၀၀၀ ဧကကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၉၀၀၀၀ကျော် ၊ ၂၀၁၆-၁၇ခုနှစ်တွင် ၄၀၀၀၀၀ ဧကကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၃၇၀၀၀၀ကျော် ၊ ၂၀၁၇-၁၈ခုနှစ်တွင် ၄၀၀၀၀၀ ဧကကျော်စိုက်ပျိုးရာတွင် သကြားတန်ပေါင်း ၅ သိန်းကျော်၊ ၂၀၁၈-၁၉ခုနှစ်တွင် ကြံစိုက်ဧက ၄၄၀၀၀၀ကျော်စိုက်ပျိုးခဲ့ကာ သကြားတန်ပေါင်း ၅ သိန်း ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ၂၀၁၉-၂၀ခုနှစ်တွင် ကြံစိုက်ဧက ၄၅၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကာ၊ သကြားတန်ပေါင်း ၄ သိန်းခွဲကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Source:** http://www.fifthwavenews.com/fwn/55331

## မူဆယ်နယ်စပ်ကုန်သွယ်ရေး၌ ယာဉ်မောင်းလဲလှယ်ခ သုံးဆတက်သော်လည်း သယ်ယူပို့ဆောင်ခအပေါ် သက်ရောက်မှုနည်းဟုဆို

မူဆယ်မှတရုတ်ဘက်သို့ ဝင်ရောက်သည့် မန့်ဝိန်းနယ်စပ်ဂိတ်၌ ကုန်တင်ယာဉ်များ ဝင်ထွက်ခွင့်ကို အစားထိုးယာဉ်မောင်း စနစ်ဖြင့်ခွင့်ပြုထားရာ အောက်တိုဘာ ၁၁ ရက်မှစတင်၍ ယခင်ထက် ယာဉ်မောင်းလဲလှယ်မောင်းနှင်ခ သုံးဆမြင့်တက်ခဲ့ သော်လည်း ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုနည်းကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။

ကိုဗစ်ဖြစ်ပွားမှုကြောင့် အဆိုပါ နယ်စပ်ကုန်သွယ်ရေး၌ ယာဉ်မောင်းပြောင်းလဲသည့်စနစ်ဖြင့် ခွင့်ပြုထားသော်လည်း ၂ နိုင်ငံ နယ်စပ်ဂိတ်ပေါက်များမှ ဝင်ထွက်ခွင့် တရားဝင်ခွင့်ပြုထားခြင်းမရှိဟုသိရသည်။ “အရင်နှုန်းထက် ၃ ဆလောက် တက်သွား ပေမယ့် သိပ်မများပါဘူး။ ဒီလောက်နဲ့တော့ ကုန်စည်ဈေးကွက်မှာ အများကြီးထိခိုက်မှုမရှိနိုင်ဘဲ နည်းနည်းလောက်ပဲ သက်ရောက်မှာပါ။ ကားသမားတွေက အဲဒီကုန်ကျစရိတ် တင်တောင်းရမှာဆိုတော့ ကုန်သည်ကလည်း သူ့ပစ္စည်းပေါ် ဈေးတင် မှာပဲ”ဟု ၎င်းကပြောသည်။

ပြောင်းလဲသွားသည့် အစားထိုးယာဉ်မောင်းစနစ်အရ ယခင်ဈေးနှုန်းမှာ တရုတ်ငွေ ယွမ် ၃၀ (ကျပ် ၅၈၀၀ ဝန်းကျင်)မှ ယွမ် ၁၀၀(ကျပ် ၁၈၀၀၀ ဝန်းကျင်)အဖြစ် တရုတ်ဘက်က သတ်မှတ်လိုက်ခြင်းက ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုကြီးမားမည် မဟုတ်သော်လည်း ယင်းကုန်ကျစရိတ်ကို ကုန်သည်များထံ ကုန်တင်ယာဉ်များက ထပ်တိုးတောင်းဆိုမည်ဖြစ်သည်။ “ကားသမား တွေက လမ်းပေါ်မှာ မိသားစုအတွက် မဖြစ်လို့ သွားနေရတာပါ။ ဒီလိုအချိန် ဘယ်သွားချင်မလဲ။ ကိုဗစ်ပိုးမရှိကြောင်း ထောက်ခံချက်ကလည်း တစ်နေရာတစ်မျိုးနဲ့။ လမ်းမှာစစ်ဆေးတာစောင့်ရလို့ ကြာတာနဲ့ ခရီးမတွင်တော့ စရိတ်တွေ တက်လာတယ်။ ခုဆို ၇၂ နာရီ(၃ရက်)အတွင်း စစ်ဆေးချက်ဆိုတော့ မူဆယ်ကနေ ရန်ကုန်သွားမယ်ဆိုရင် ၄ ရက်လောက် ကြာမှာ”ဟု ရန်ကုန်-မူဆယ် ယာဉ်မောင်းတစ်ဦးကပြောသည်။

ရန်ကုန်-မန္တလေး-မူဆယ်လမ်းပိုင်း ကုန်စည်စီးဆင်းမှုတွင် ကုန်တင်ယာဉ်များနှင့်ယာဉ်မောင်းများသည် လမ်းပိုင်းကြန့်ကြာ ရာက စားစရိတ်ပိုမိုကုန်ကျမှု၊ ကိုဗစ်ပိုးစစ်ဆေးခနှင့် တရုတ်ဘက်အဝင် အစားတိုးယာဉ်မောင်းကျသင့်ငွေ ယခင်ထက် မြင့်တက် လာမှုများကြောင့် ကုန်တင်သယ်ယူပို့ဆောင်ခနှုန်းထား မြင့်လာခြင်းက ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုအနည်းနှင့် အများ ရှိနိုင်သည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/145021.html

## မောက်မယ်မြို့နယ်၌မိုးဦးနှမ်းလျှင်များအောင်မြင်ဖြစ်ထွန်း



မိုးဦးနှင့် မိုးနှောင်းနှမ်းကြီးများစိုက်ပျိုးကြရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေး ခရိုင် မောက်မယ်မြို့နယ်၌ မိုးဦးနှမ်းလျှင်များ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်းသိရသည်။ မိုးစောစီးစွာရွာသွန်းမှုကြောင့် စိုက်ပျိုးရေအပြည့်အဝရရှိကာ ယခုနှမ်းခင်းများ အဖူးအပွင့်များဝေနေချိန်တွင် အောင်မိုးရွာသွန်းပေးကာ မိုးဦးနှမ်းလျှင် စိုက်တောင်သူများ ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ယခင်နှစ်ကထက်

ဈေးနှုန်းမကောင်းသော်လည်း တောင်သူများအဆင်ပြေကြောင်းသိရသည်။

ယခင်နှစ်များတွင်နှမ်းဆီ(၁၀)ပိဿာတစ်ပုံးလျှင် ၈၅၀၀၀ ကျပ်အထိ မြင့်တက်ခဲ့သော်လည်း ယခုနှစ်တွင် နှမ်းဆီ(၁၀) ပိဿာတစ်ပုံးလျှင် ၅၀၀၀၀ ကျပ်သာရရှိပြီး နှမ်းတစ်အိတ်လျှင် ၄၅၀၀၀ ကျပ်နှုန်းဖြင့်သာ အရောင်းအဝယ်ရှိကြောင်းသိရသည်။ ယခုနှစ်တွင်နှမ်းအထွက်နှုန်းကောင်းသော်လည်း COVID-19 ကူးစက် ရောဂါကြောင့် နယ်စပ်ဂိတ်များ ခေတ္တပိတ်ထားခြင်းဖြင့် ယခင်နှစ်များထက် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း ပွဲရုံပိုင်ရှင်မှတစ်ဆင့်သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကိုရိုနာကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ဂျပန်နိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းမှ ဝင်ငွေယန်း ၄ ထရီလီယံခန့် လျော့ကျခဲ့

ကိုရိုနာကပ်ရောဂါပြန့်ပွားနေမှုကြောင့် ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွားများ ဝင်ရောက်မှု သိသိသာသာလျော့ကျလာပြီး ပြည်တွင်းခရီးသွားလုပ်ငန်းမှ ဝင်ငွေစုစုပေါင်း၏ ၁၅ % ခန့်ကျဆင်းခဲ့ကြောင်း Resona Research Institute ၏ ခန့်မှန်း သုံးသပ်ချက်အရ သိရပါသည်။

Resona Research Institute ၏ ခန့်မှန်းသုံးသပ်ချက်တွင် တိုကျို၊ အိုဆာကာနှင့် အခြားသောစီရင်စုဒေသ ၃ ခုသည် စီရင်စုဒေသ ၄၇ ခုအနက် ခရီးသွားလုပ်ငန်းကဏ္ဍတွင် သိသိသာသာထိခိုက်နိုင်ပါကြောင်း၊ မူလလျာထားသည့် ပြည်တွင်း ခရီးသွားလာမှုလုပ်ငန်း အားလုံး၏ ၆၀ % ကျော်မှာ ဖျက်သိမ်းလိုက်ရသဖြင့် ဆုံးရှုံးမှုများပြားခြင်းဖြစ်ကြောင်း ဖော်ပြ ထားပါ သည်။

Resona Research Institute မှ အကြီးတန်းသုတေသနပညာရှင် Hideyuki Araki ကပြုစုထားသည့် ခန့်မှန်း သုံးသပ်ချက်အရ ပြည်ပနိုင်ငံများမှ ခရီးသွားများဝင်ရောက်မှုနှင့် ခရီးသွားလာမှုအတွက် သုံးစွဲမှုတို့နှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်အတွက် လျာထားချက်မှာ ယခင်နှစ်က အခြေအနေအတိုင်း ခန့်မှန်းထားပါကြောင်း၊ တည်းခိုနေထိုင်မှုများနှင့် ခရီး သွားလာမှုအတွက် သုံးစွဲမှုများ၏ ခန့်မှန်းချက် အခြေအနေမှာ ဂျပန်နိုင်ငံ၊ ခရီးသွားလုပ်ငန်း အေဂျင်စီ၏ထုတ်ပြန်ထားချက်များ အပေါ်အခြေခံသုံးသပ်ထားခြင်းဖြစ်ပါကြောင်းဆိုပါသည်။

Araki ၏ အစီရင်ခံစာတွင် ၂၀၂၀ ပြည့်နှစ်အတွက် ဂျပန်တစ်ပြည်လုံးသို့ ပြည်ပခရီးသွားများ ဝင်ရောက်မှုမှ ဝင်ငွေရရှိမှု စုစုပေါင်းသည် ယန်း ၄,၀၆၈.၂ ဘီလီယံ ( အမေရိ ကန်ဒေါ်လာ ၃၈,၇၄၄ သန်း) ရှိမည်ဟုခန့်မှန်းထားပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ခရီးသွား များ၏ သုံးစွဲမှုမှာ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေစုစုပေါင်း၏ ၁၅ % ၊ တန်ဖိုးအားဖြင့် ယန်း ၂၇.၉ ထရီလီယံရှိခဲ့ ပါကြောင်း ဖော်ပြထားပါသည်။

အသေးစိတ်အနေဖြင့် ကုန်ပစ္စည်းများ ရောင်းချရမှုမှရရှိသည့်ဝင်ငွေမှာ ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ယန်း ၁,၄၄၂.၃ ထရီလီယံထိရှိပါကြောင်း၊ ဒုတိယအများဆုံး ဆုံးရှုံးမှုမှာ တည်းခိုနေထိုင်မှုလုပ်ငန်းမှရရှိသည့်ဝင်ငွေဖြစ်ပြီး ယန်း ၁,၁၈၁.၆ ဘီလီယံခန့်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

အစီရင်ခံစာတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပြန့်ပွားနေမှုကြောင့် ပြည်ပခရီးသွားများ ဝင်ရောက်လာမှုမရှိသည့်အတွက် ကုန်စုံဆိုင်များ၊ ဆေးဆိုင်များသည် ဟိုတယ်လုပ်ငန်းများထက် ပိုမိုထိခိုက်ခဲ့ရကြောင်း သုံးသပ်ဖော်ပြထားပါသည်။ စီရင်စုဒေသ အားဖြင့် နိုင်ငံ၏အဓိကမြို့ပြဒေသများဖြစ်ကြသည့် တိုကျို၊ အိုဆာကာ၊ ချီဘာ၊ ကျိုတိုနှင့် ဟော့ကိုင်းဒိုးတို့တွင် အထိခိုက်ဆုံး ဖြစ်ပြီး တစ်နိုင်ငံလုံး ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေ၏ ၆၀ % ခန့် ဆုံးရှုံးခြင်းဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

အလားတူ ခရီးသွားလုပ်ငန်းထိခိုက်ခဲ့ရသည့် အခြားသော စီရင်စုဒေသ ၅ ခုဖြစ်သည့် အအိချိ၊ နာရာ၊ ကာနာဂါဝါ၊ အိုကီနာဝါနှင့်ဖူကူအိုကာတို့အပါအဝင် စီရင်စုဒေသ ၁၀ ခု အနေဖြင့် စုစုပေါင်းဝင်ငွေ၏ ၈၀ % နီးပါးရှိပါကြောင်း သုံးသပ် ဖော်ပြထားပါသည်။ အထက်ပါ စီရင်စုဒေသများသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ပြည်ပခရီးသွားများ လာရောက်လေ့ ရှိသည့် အထင်ကရဒေသများ၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာများနှင့် အပန်းဖြေလည်ပတ်ရာနေရာများ တည်ရှိကြသည့် ဒေသများဖြစ်ကြပါသည်။

TIR

Araki ၏ အစီရင်ခံစာတွင် ခရီးသွားလုပ်ငန်းဝင်ငွေ အထိခိုက်ဆုံးဒေသမှာ မြို့တော်တိုကျိုတည်ရှိသည့် ကန်တိုဒေသဖြစ်ပြီး ယန်း ၁,၅၀၆.၄ ဘီလီယံ ခန့်ရှိပါကြောင်း၊ အိုဆာကာမြို့တော်ပါဝင်သည့် ခန်းဆိုင်ဒေသတွင် ခရီးသွားဝင်ငွေဆုံးရှုံးမှုမှာ ယန်း ၁,၂၁၉ ဘီလီယံခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

သို့သော် ဒေသအသီးသီး၏ စီးပွားရေးအနေအထားပေါ် မူတည်၍ ခန်းဆိုင်ဒေသသည် ကန်တိုဒေသထက် ပိုမိုထိခိုက်ခဲ့ရပါကြောင်း၊ ယခင်နှစ်က ခန်းဆိုင်ဒေသမှ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် ကန်တိုဒေသမှရရှိသည့် ဝင်ငွေထက် ၁.၅ % ပိုမိုခဲ့ပါကြောင်း၊ သိသာသည့် ဥပမာတစ်ခုအနေဖြင့် အိုဆာကာမြို့တော်၊ မီနာမီခရိုင်မှ ပြည်ပခရီးသွားများအတွက် ဖွင့်လှစ်ထားသည့် ဆေးဆိုင်အုပ်စုများ ပိတ်သိမ်းလိုက်ရသဖြင့် ဝင်ငွေများစွာ ထိခိုက်နစ်နာခဲ့ရကြောင်း ဖော်ပြထားပါသည်။

အာရှနိုင်ငံများနှင့်နီးကပ်သည့် ခန်းဆိုင်ဒေသသည် Budget Airlines ဝန်ဆောင်မှု များ စတင်ခဲ့သည့်နောက်တွင် ပြည်တွင်းခရီးသွားများကို ပိုမိုအားထားလာရသည့်ဒေသဖြစ်လာပါကြောင်း၊ ရလဒ်အနေဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်လာ နိုင်ပါကြောင်း Araki က ဆိုပါသည်။

ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွားများဝင်ရောက်မှုသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တာဝန်ယူစဉ် ၂၀၁၂ ခုနှောင်းပိုင်း၌ ဗီဇာဖြေလျှော့ပေးမှုနှင့် ယန်းဈေးကျဆင်းနေချိန်မှစ၍ ပိုမိုတိုးတက်လာခဲ့ကြောင်းတွေ့ရပါသည်။ ၂၀၁၉ ခုနှစ်တွင် ပြည်ပခရီးသွားဝင်ရောက်မှုသည် ၃၁.၈၈ သန်းရှိပြီး ၂၀၁၂ ခုနှစ်ကထက် ၃.၈ ဆခန့်ထိ တိုးတက်လာခဲ့ကြောင်း တွေ့ရပါသည်။ ၂၀၂၁ သို့ရွှေ့ပြောင်းကျင်းပရန် ပြင်ဆင်နေသည့် တိုကျိုအိုလံပစ်ပွဲတော်ကြောင့် မြို့တော်တိုကျိုသို့ ပြည်တွင်း ခရီးသွားအရေအတွက် ပိုမိုများပြားလာနိုင်ကြောင်းကိုလည်း ခန့်မှန်းသုံးသပ်ထားပါသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကပ်ရောဂါပြန့်ပွားနေမှုကြောင့် ပြီးခဲ့သည့် ၂၀၂၀ ဧပြီလမှ အစပြုကာ ဂျပန်နိုင်ငံအတွင်းသို့ ပြည်ပခရီးသွားများ ဝင်ရောက်မှုတားမြစ်ကန့်သတ်လိုက်သည့်အတွက် ပြည်ပခရီးသွားဝင်ရောက်မှု ၉၉ % ကျော် ကျဆင်းခဲ့ပါသည်။ ဂျပန်အစိုးရက အောက်တိုဘာလ ၁ ရက်နေ့မှအစပြုကာ ကာလလတ်နှင့်ကာလရှည်လာရောက်မည့် ဆေးဘက်ဆိုင်ရာနှင့် အခြားသောပညာရပ်နယ်ပယ်မှ အကြောင်းတစ်ခုခုဖြင့် ဝင်ရောက်လာမည့် ကမ္ဘာ့ခရီးသွားများကို ပြည်ဝင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ကမ္ဘာ့လှည့်ခရီးသွားများအနေဖြင့် ခရီးသွားလာမှုဖြေလျှော့ခြင်းတွင် သက်ဆိုင်အကျုံးဝင်မည်မဟုတ်ဘဲ ပြည်တွင်းခရီးသွားများ၏ သုံးစွဲမှုမှရရှိသည့် ဝင်ငွေအနေဖြင့် ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတိုးတက်မှုအတွက် မည်မျှ အကျိုးသက်ရောက်မှု ရှိနိုင်မည် ဟူသည့်ကိစ္စမှာ ခန့်မှန်းရန် ခက်ခဲနေပါကြောင်း အစီရင်ခံစာက သုံးသပ်ထားပါသည်။

**Source: The Cabinet Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun., The Nikkei Asian Review.**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံများတင်သွင်းခွင့်ပြုခဲ့သော်လည်း ဈေးနှုန်းများကျဆင်းဖွယ်မရှိကြောင်း ကုန်သည်များက ပြောဆိုခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် တင်သွင်းခွင့်ပြုမည့် ပဲစင်းငုံ ၄ သိန်းအတွက် တင်သွင်းခွင့်လိုင်စင်များအား ၆ လကျော်ကြာဆိုင်းငံ့ထားရာမှ ပြည်တွင်းရှိ ပဲခွဲစက်လုပ်ငန်းရှင်များသို့ ကိုတာခွဲဝေပေးမှုစာရင်းနှင့်အတူ ၁၅-၁၁-၂၀၂၀ နေ့ နောက်ဆုံးထား၍ အိန္ဒိယဆိပ်ကမ်းသို့အရောက် တင်သွင်းရမည်ဖြစ်ကြောင်းကို ၁၃-၁၀-၂၀၂၀ နေ့တွင် ၎င်း၏ဒေသဆိုင်ရာ DGFT ရုံးခွဲများသို့ အကြောင်းကြားစာထုတ်ပြန်ခဲ့ပါသည်။

အဆိုပါကြေညာချက်ထွက်ရှိပြီး နောက်ရက်တွင် ပြည်တွင်း၌ ပဲစင်းငုံကြိတ်ခွဲထုတ်လုပ်သည့် အဓိကအချက်အချာ နေရာဖြစ်သော မဟာရတ္ထပြည်နယ် Akola မြို့ရှိ လက္ကားဈေးကွက်တွင် ပဲစင်းငုံ တစ်ကီလိုဂရမ်လျှင် ၁၂၅ ရူပီးရှိရာမှ ၁၀၅ ရူပီးနှုန်းသို့ ကျဆင်းခဲ့ပါသည်။ သို့ရာတွင် ပဲကုန်သည်များက ဈေးနှုန်းကျဆင်းမှုမှာ ရေရှည်ကြာမြင့်ဖွယ်မရှိကြောင်း ပြောဆိုလျက်ရှိကြပါသည်။

အိန္ဒိယ ပဲခွဲစက်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Mr. Suresh Aggarwal က ပဲစင်းငုံများအား ၃၂ ရက်အတွင်း တင်သွင်းရန်မှာ အလွန်တိုတောင်းသည့် ကာလဖြစ်ကြောင်း၊ သွင်းကုန်လိုင်စင် ရယူသည့်ကိစ္စကပင် အနည်းဆုံးရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း၊ ထိုမျှသောကာလအတွင်း တင်သွင်းခွင့်ပြုသည့် ပဲစင်းငုံတန်ချိန် ၄ သိန်း၏ ၁၀% တင်သွင်းနိုင်ရန်ကိုပင် ခက်ခဲစွာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပဲစင်းငုံတင်သွင်းခွင့်အား ၂၀၂၁ ခုနှစ် မတ်လကုန်အထိ တိုးမြှင့်ပေးရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ထံသို့ ၎င်းတို့အသင်းမှ စာရေးသားပေးပို့ တောင်းဆိုထားကြောင်း ပြောကြားပါသည်။ Akola မြို့မှ ပဲခွဲစက်လုပ်ငန်းရှင် Mr. Rupesh Rathi ကလည်း တင်သွင်းကာလ တိုတောင်းပြီး ဒေဝါလီပွဲတော်ရာသီအချိန်အခါနှင့် တိုက်ဆိုင်လျက်ရှိရာ ကုန်ကြမ်းပြတ်လပ်မှုဖြစ်ပေါ်နိုင်ပြီး အစိုးရအနေဖြင့် အရန်သိုလှောင်ထားရှိသည့် ပဲစင်းငုံများအား ဈေးကွက်အတွင်းသို့ ရောင်းချခြင်းမပြုလျှင် ဈေးနှုန်းများဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း၊ ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် သီးနှံအသစ်များသည် အစောဆုံးအားဖြင့် ဒီဇင်ဘာလ ပထမပတ်ခန့်၌သာ ဈေးကွက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစိုးရသည် ကုန်စည်ပြတ်လပ်မှုရှိနိုင်သည့် ရက်ပေါင်း ၃၀ ခန့်ကာလအား စီမံခန့်ခွဲနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ယခုနှစ်မိုးသီးနှံရာသီ၌ ပဲစင်းငုံစိုက်ပျိုးထွက်ရှိမှုမှာ ပုံမှန်ထက်ပိုမိုဖွယ်ရာရှိသဖြင့် ပြည်ပမှဝယ်ယူတင်သွင်းခွင့်ပြုရန် အိန္ဒိယအစိုးရသည် တုန့်ဆိုင်းနေခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရချင်း သဘောတူစာချုပ်အရ မိုဇမ်ဘစ်နိုင်ငံထံမှ ပဲစင်းငုံများ ဝယ်ယူတင်သွင်းလျက်ရှိသော်လည်း ပဲရောင်းဝယ်မှုဆိုင်ရာ ကျွမ်းကျင်သူများကမူ ပြည်တွင်းရှိ စားသုံးသူအများစုသည် အာဖရိကဒေသထွက်ပဲများအား နှစ်သက်မှုမရှိဟုပြောဆိုကြကြောင်း၊ DGFT မှ သတင်းထုတ်ပြန်ခဲ့အပြီးတွင် မြန်မာနိုင်ငံ၌ ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၆၅၀ ခန့်ရှိရာမှ ဒေါ်လာ ၈၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ အခြားတစ်ဖက် တွင် ပြည်ပမှတင်သွင်းသည့် ပဲများ၏ဈေးနှုန်းမှာ အစိုးရကအနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်း၏ အောက်၌ရှိမည်ကို အိန္ဒိယတောင်သူလယ်သမားအဖွဲ့အစည်းခေါင်းဆောင်များက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်းဖြင့် အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။

**Source:** **1. Allocation of quota for import of Urad and Toor for the fiscal year 2020-21, F. No. M-5012/300/2002/PC-2[A]/Part-V/E-6708 dated 13th October 2020 of Directorate General of Foreign Trade of India**

**2. Retail tur dal prices hit Rs 125/kg as India opens up import, 14 Oct 2020, Economic Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဟောင်ကောင်ဒေသ၌ Ant Bank မှအခက်အခဲမရှိ လုပ်ငန်းစတင်လုပ်ကိုင်နိုင်ခြင်း

Ant Group ၏ အွန်လိုင်းဘဏ်လုပ်ငန်း ဘဏ်ခွဲတစ်ခုဖြစ်သည့် Ant Bank (Hong Kong) သည် ဟောင်ကောင်ဒေသ၌ စတင်လုပ်ကိုင်မည့် (၆) ခုမြောက် ဘဏ်ခွဲဖြစ်ပြီး AlipayHK နှင့် ပူးပေါင်းဆောင်ရွက်ပြီး သုံးစွဲသူ (၂) မီလီယံအတွက် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ်ငွေအပ်သူများအားလည်း အတိုးနှုန်းမြင့်မားစွာ ပေးလျှက်ရှိကြောင်း၊ ဟောင်ကောင်ဒေါ်လာ (၂၀,၀၀၀) အထိ အပ်နှံသူများအား အတိုးနှုန်း (၂.၅) ရာခိုင်နှုန်းနှင့် ဟောင်ကောင်ဒေါ်လာ (၂၀၀၀၁) မှ (၅၀၀,၀၀၀) အထိ အပ်နှံသူများကို အတိုးနှုန်း (၁) ရာခိုင်နှုန်းစီ ပေးသွားမည်ဖြစ် ကြောင်း၊ Ant Group သည် ၂၀၁၅ ခုနှစ်မှ စတင်လုပ်ကိုင်နေသည့် ပထမဦးဆုံး အွန်လိုင်း ဘဏ် လုပ်ငန်းဆောင်ရွက်နေသည့် တရုတ်ပြည်မကြီးရှိ MYbank ကုမ္ပဏီနှင့်လည်း လုပ်ငန်းများ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ AlipayHK နှင့်ပူးပေါင်းဆောင်ရွက်ထားရာ Ant Bank Account များ လွယ်ကူစွာ ဖွင့်လှစ်အသုံးပြုနိုင်ရန် e-wallet's mini apps ကို အသုံးပြုရန် ခွင့်ပြုထားမည်ဖြစ်ကြောင်း၊ AlipayHK နှင့် ဖက်စပ်လုပ်ကိုင်နေသည့် Ant Group နှင့် Li Ka-shing's CK Hutchison Holdings သုံးစွဲသူများအား ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်များ နှင့်ကုန်သည်များကို e-wallet app အားကျယ်ပြန့်စွာအသုံးပြုခွင့်ပြုထားကြောင်း၊ဟောင်ကောင် ဒေသ၌ Fintech နည်းပညာဝန်ဆောင်မှုများတိုးတက်ရန်နှင့် ဒေသခံပြည်သူများ အား ရွေးချယ်မှု အသစ်များပြုလုပ်နိုင်ရန် Ant Bank ကို ဖွင့်လှစ်တည်ထောင်ခြင်းဖြစ်ကြောင်း၊ Ant Bank သည် ဟောင်ကောင်ဒေသ၌ ငွေကြေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်

မြှင့်တင်လုပ်ကိုင်သွားရန်နှင့် ပတ်သက်၍စိတ်လှုပ်ရှားလျက်ရှိပြီး Ant Group ၏အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်အတွင်း ဟောင်ကောင်စတော့ရှယ်ယာစာရင်းကော်မတီသည် ရှန်ဟိုင်းငွေကြေးလဲလှယ်သည့်စင်တာမှ လုပ်ကိုင်ခွင့်ရရှိထားပြီးဖြစ်သော Ant Group ၏ ကြီးမားသည့် စာရင်း အပလီကေးရှင်းကို စစ်ဆေးမည်ဖြစ်ကြောင်း၊ Ant Bank သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) များအတွက် ဒစ်ဂျစ်တယ်လ်စနစ်ကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Alibaba Group Holdings ၏ စီးပွားရေးစနစ်များကို အတူတစ်ကွ လိုက်ပါဆောင်ရွက် နိုင်ရန် e-commerce ဖြင့် လုပ်ကိုင်လျက်ရှိသည့် စီးပွားရေးသမားကုန်သည်များအတွက် ဝန်ဆောင်မှုများပေးနိုင်စေရန်အလို့ငှာ ငွေကြေးကုန်သွယ်မှု ဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က “Branchless Ant Bank Launches in Hong Kong” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (15.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 131 | 1,310,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 6,438 | 23,820,600 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 8 | 176,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1,809 | 4,974,750 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 19,977,223 | 60,931 |

### Market summary

As of 15th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.14 | +0.00 | +0.00% | 436.14 | 436.14 | 436.14 | 8,386 | 30,281,350 | 6 | 648,953 |

**Index chart**




### Market Overview

As of 1:00 pm, 15th Oct. 2020

| MYANPIX | 436.14 ▲ 0.00 |
|---|---|
| Total Volume (shares) | 8,386 |
| Total Value (MMK) | 30 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,953 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,050 | ▲ 0 |